## ၅။ အပေါက်ထိုးကျိုင်း

**Island pinhole borer: *Xyleborus perforans* (Wollaston, 1857)**

**Coleoptera: Scolytidae**

**ဖျက်ကောင်ပုံသဏ္ဍာန်များ**



အမအကောင်ကြီးသည်(၂.၁–၂.၅)မီလီမီတာရှိပြီး ရှေ့မျက်နှာသည် ခုံးပြီး မျက်နှာပြင တစ်ခုလုံးတွင် အပေါက်ငယ်များရှိ သည်။ Pronotum ဂုတ်အပိုင်း သည် အကျယ်ထက် (၁.၂) ဆပို၍ ရှည်ပြီး ရှေ့ပိုင်းအနားသတ်သည် ကျယ်ပြန့် ပြီး လုံးဝန်းကာ လွှသွားများမပါရှိပါ။ အပေါ်အခွံအချပ်သည် အကျယ်ထက် (၁.၇) ဆ ရှည်ပြီး ထိပ်ဖျားပိုင်း သည် ကျဉ်းမြောင်းပြီး လုံးဝန်းသည်။

**ဖျက်ဆီးပုံလက္ခဏာများ**



တိုက်ခိုက်ခံရသော အပင်များသည် အပင်ညှိုးခြင်း၊ ကိုင်းဖျားခြောက်ခြင်း၊ အညွန့် လောင်း များကျိုးကျခြင်း၊ နေလောင်သကဲ့သို့ခြောက်ခြင်း၊ အပင်သန်စွမ်းနိုင် အားကျ ဆင်းခြင်းစသော လက္ခဏာရပ်များ ဖြစ်ပေါ်စေသည်။ ပိုးကျရောက်ဖျက်ဆီးမှုအား ပိုးဝင် ပေါက်များ နှင့်ပိုးချေးများ ရှိမှုကိုတွေ့ခြင်းအားဖြင့် သိရှိနိုင်သည်။

**ဘဝစက်ဝန်း**

| | |
|---|---|
| ဥအဆင့် | -(၄)ရက် |
| လောက်ကောင်အဆင့် | - (၇-၉)ရက် |
| ရုပ်ဖုံးအဆင့် | -(၄)ရက် |
| အကောင်ကြီးအဆင့် | -(၁၂-၁၄)ရက် |

**ဘက်စုံကာကွယ်နှိမ်နင်းနည်းလမ်းများ**

(၁) ဖျက်ပိုးကျရောက်မှုရှိမရှိအား မျက်မြင်ဖြင့် စစ်ဆေးကြည့်ရှုပါ။

(၂)ဖျက်ပိုးသည် အပင်အတွင်းနက်အထိ ထိုးဖောက်ဖျက်ဆီးသဖြင့် ဓါတုပိုးသတ်ဆေးသုံးခြင်းသည် ထိရောက်မှုနည်း၍ ဘက်စုံနည်းဖြင့်ကာကွယ်နှိမ်နင်းပါ။

(၃)ဖျက်ပိုးစတင်တွေ့ရှိပါက ပိုးကျအပင်အစိတ်အပိုင်းများကို ချက်ချင်း ဖျက်ဆီးပါ။

(၄)ပင်စည်အတွင်းသို့ဆေးထိုးထည့်ပါ (သို့)ပိုးသတ်ဆေးစွပ်ထားသော ဂွမ်းကိုပင်စည် ထဲသို့ထိုးထည့်ပါ။

- ဖစ်ပရိုနေး (Fipronil)
- ဒိုင်မီသိုရိတ် (Dimethoate)

(၅)အလူမီနီယမ်ဖော့စ်ဖိုက် **(**Aluminium Phosphide) ဆေးပြားများအား ပင်စည်အခေါက်ထဲထည့်ပြီး အပေါ်မှန္ဓားချေးအုံပေးပါ။

(၆)လတ်ဆတ်သောနွားချေးနှင့်မြေနီရော၍ပင်စည်အားသုတ်လိမ်းပြီးပတ်တီးစည်းပါ။

(၇)အပင်ခြေအားမြေဆွ၍ ဖစ်ပရိုနေး ၃ဂျီအာ(Fipronil 3GR)(သို့) ကာဘိုဆာလဖန် ဂျီ (Carbosulfan 5G)ထည့်ပါ။ ပိုးသတ်ဆေးများ ကို အသုံးပြုပါက အညွှန်းစာ တွင် ဖော်ပြထားသည့် မခူးဆွတ်မီစောင့်ဆိုင်းရမည့်ကာလ Pre-harvest Interval (PHI) ကို လိုက်နာ၍စနစ်တကျ ခူးဆွတ်ပါ။